
# လမ်း၊ မီးပုံး၊ မေတ္တာ

နံနက်ပိုင်းမှ ဟွေ့စိုက်မြို့သည် မြူကလည်း မှုန်ပျပျ ထနေသည်၊ မိုးကလည်းမှုန်မှုန်ဖွဲဖွဲ ရွာနေသည်။ နွေဦးချိန်ခါမှုရှုခင်းသည် မျက်စိထဲ ထိုးဟပ်လာသည်။ နွေဦးမြို့တော်ကူမင်းမြို့ ဖြစ်စေကာမူ နိုဝင်ဘာလကုန်ပိုင်းတွင် ချမ်းစိမ့်စိမ့်ရှိသော ဆောင်းဦးပေါက်ရာသီဖြစ်ပါသည်။ တောင်ဘက်သို့ တန်း၍ခရီးဆက်ခဲ့ပြီး ဖူးလ်မြို့၊ စစ်ဆောင်ပန်နားပြည်နယ်ခွဲ၊ မော်ဟန်း နယ်စပ်ဂိတ်မှတဆင့် ဟွေ့စိုက်မြို့၊ ချင်းခုံမြို့၊ ချင်းလိုင်မြို့သို့ ရောက်ရှိလာသည်။ "အလှဆုံးကုန်းလမ်း"ဟု ခေါ်တွင်ခံရသော ကူမင်း-ဘန်ကောက် လမ်းမကြီးသည် လမ်းပေါ်လျှောက်လှမ်းနေကြသူများအတွက် မတွေးဆခဲ့သော အံ့ဩဘွယ်ရာများ ဆောင်ကြည်းပေးနိုင်သည်။ အရှေ့တောင်အာရှ အပူပိုင်းဇုန် မိုးရေသစ်တောများကြားတွင် မော်တော်ယာဉ်မောင်းနှင်၍ ကုန်းလမ်းဖြတ်သန်းမည့်နည်းဖြင့် စိတ်ကူးထဲမှ "အပြုံးနိုင်ငံ"သို့ သွားရောက်ခံစားခြင်းသည် ပြီးခဲ့သည့်နှစ်များတွင် အိပ်မက်အဆင့်တွင်သာ ရပ်ကောင်းရပ်နေသည်။ မင်းသမီး Sirindhorn ကစက်ခလုတ်နှိပ်၍ လမ်းဖွင့်နေသည်ကို တွေ့ရသည့်အခါကျမှ အိပ်မက်ကို လက်တွေ့အဖြစ် အကောင်အထည်ဖော်ဆောင်ပြီး ဖြစ်မှန်းသတိရလာတော့သည်။ တံတားတစ်စင်း၏ ဖွင့်လှစ်ခြင်းသည် မြစ်ကမ်းနားနှစ် ဖက်နေနှစ်နိုင်ငံ ပြည်သူလူထုများအား ပွဲတော်နေ့အဖြစ် ဂုဏ်ပြုစေကြသည်မှာ မည်သည့်အခါမှမထင်မှတ်ခဲ့ပါ။ ချင်းခုံ-ဟွေ့စိုက်တံတား၏ အထိပ်စွန်း၌ရပ်လျက် တံတားထိပ်နှစ်ဖက်မှ ကြိတ်ကြိတ်တိုး စည်ကားနေသော ဈေးတန်းနှစ်ခုကိုတွေ့မြင်နိုင်သည်။ မြစ်ကမ်းနားတွင်ရပ်လျက် အဝေးသို့ မျှော်ကြည့်လိုက်လျှင် တံတားပေါ်မှ ယာဉ်ရထားများသည် ဥဒဟိုသွားလာလျက်ရှိသည်ကို တွေ့မြင်ရသည်။ တံတားအောက်တွင် တစ်ခါတစ်ရံ အနီးတစ်ဝိုက်နေပြည်သူများက တံတားနှင့် အမှတ်တရ-ဓာတ်ပုံများ လာရောက်ရိုက်နေကြသည်။ ကင်မရာကို တစောင်းလွယ်ထားသော စီးပွားရှာသူတို့က တံတားပါဓာတ်ပုံနှင့် ယခုရိုက်ထားသော လူ့ဓာတ်ပုံများနှင့် ပေါင်းစပ်ပြီး ဓာတ်ပုံဘောင်ထဲထည့်၍ ရောင်းချလျက်ရှိသည်။



ကူမင်း-ဘန်ကောက်လမ်းမပေါ်ရှိရှုခင်းဓာတ်ပုံ



အဖွဲ့တစ်ဖွဲ့သည် အစိမ်းနိုင်ငံတွင် နေရောင်၊ မိုးရေနှင်းရည်များကို ထင်ရာစိုင်းလန်းဆန်း၍ နေကြသည်၊ ငှက်များ၏ရင့်ကျူးသံ၊ ပန်းများ၏ ရနံ့သင်းကို ထင်ရာစိုင်း နားဆင် ရှူရှိုက်ကြသည်၊ လူ့ရွယ်ဘဝ၏ အပြုံးကို ထင်ရာစိုင်း ထုတ်ပြကြသည်။ ကူမင်း-ဘန်ကောက် လမ်းမခရီးစဉ်သည် သွားလိုလျှင်သွား၊ ရပ်လိုလျှင်ရပ်လိုက်နှင့် သူများ၏ အလောဆော်ခံပြီးစိတ်ပါဝင်စားမှု အနှောင့်အယှက်ပေးသည်ကို စိုးရိမ်စရာမလိုပါ။ လမ်းတစ်လမ်း၊ ယာဉ်တစ်စီးဖြင့် လှပသောအရာပစ္စည်းများကို တွေ့ရှိနိုင်သည်၊ စိတ်ညစ်စေသော ကိစ္စများကို ကင်းဝေးနိုင်သည်၊ အဖြေများကို စိတ်အားလက်အားနှင့် တွေးတောနိုင်သည်။ လူ့ဘဝ၏ မေးခွန်းလွှာကြီးသည် အဝေးဘက်သို့ ဖြန့်ခင်းသွားသည်။ ဝမ်းနည်းသော နွေဦးရာသီဖြစ်စေ၊ ကြေကွဲသော ဆောင်းဦးရာသီဖြစ်စေ၊ ရှေ့သို့ ဆက်လက် ချီတက်သွားသော ခြေလှမ်းကို မတားနိုင်ပါ။ လမ်းပေါ်လျှောက်လှမ်း၍ လမ်းတဖက်တချက်ရှိ ရှုခင်းများကိုရှုစားပြီး၊ ဖြတ်သန်းလာသော အတွေ့အကြုံများသည် ကျွန်တော်တို့အား ခံစားရှုစားစေသည်၊ လက်တွေ့ကျစေသည်၊ မိမိကိုမိမိထိန်းချုပ်စေသည်၊ အရှုပ်ဖျက်၍ အတိုချုပ်ပြီး အေးအေးဆေးဆေး နေထိုင်စေသည်။ အချိန်က စိတ်ထဲတွင် အပြောက်အဆင်းများ ထွင်းထုထားသကဲ့သို့ ဝမ်းနည်းခဲ့ဖူးသည်၊ မသာမယာဖြစ်ခဲ့ဖူးသည်။ သို့သော် နောက်ဆုံးတွင် အများဆုံးကျန်ရစ်ထားသည်မှာ နွေထွေးမှုသာဖြစ်သည်။

တစတစမှေးမှိန်နေသောညအမှောင်ကနေဝင်ဆည်းဆာအား နှင်ထုတ်သွားသည်ကိုမော့ကြည့်၍ လမ်းပေါ်တွင် လျှောက်လှမ်းလိုက်လျှင် အနည်းငယ် အထီးကျန်လာသည်ဟု ခံစားမိပါသည်။ အဝေးတွင် မီးများတကွဲတပြား လင်းနေသည်၊ မှိတ်တုတ်မှိတ်တုတ်ဖြစ်နေသော အလင်းကို လိုက်သွားပြီး ဘာသာအလျောက်ရှာဖွေတော့သည်။ သွားရင်းလျှောက်ရင်း မနီးမဝေးတွင် ဆူဆူညံညံဖြစ်နေသည်ကို တွေ့ရသည်။ တိုင်းတပါး၏ စတိုင်လ်များ ဖြင့်ပြည့်ဝစွာ ပါရှိသောတေးသံသည် ငြိမ့်ညောင်းသာယာသော သီချင်းသံများနှင့်အတူ မျက်စိရှေ့တွင် ပျော်ပျော်ပါးပါး ဖြစ်နေသည်ကို တွေ့ရသည်။ ယင်းစည်ကားရာ နေရာအတိုင်း ရှေ့သို့ ခရီးဆက်လိုက်သော် တရုတ်ဘာသာ စကားပြောကြသောခရီးသည်များနှင့် တွေ့ရပါသည်။ ချင်းမိုင်မြို့ဟောင်းထဲမှ ဖန်တောက်ကျောင်းတွင်သောင်းနှင့်ချီသော ဖယောင်းမီးများ ထွန်းညှိထားပါသည်။ ရဟန်းတော်များက တရားစာများ ရွတ်ဖတ်နေသော အခမ်းအနားတွင် အများက အာရုံစူးစိုက်ကြသော ရေမီးပွဲကို ဖွင့်လှစ်လိုက်ပါသည်။ စည်ကားလှသော မြင်ကွင်းကြောင့် အရင်က စိတ်ထဲတွင် ဖြစ်ပေါ်နေသော အထီးကျန်မှုကို စွန့်ပစ်လိုက်ပြီး ယင်းပွဲတော်ကြီးထဲသို့ အပျော်တပါးပေါင်းသွင်းသွားတော့သည်။

နေရာတကာတွင် သီချင်းသံများ လွင့်ပျံ့နေသည်။ လေထုတွင် ပန်းရနံ့များ သင်းကြိုင်နေသည်။ လရောင်အောက်တွင်အများက 《ရေစိုခံမီးအိမ်》 နှင့် 《ကြာပန်းဖြူ》 သီချင်းကိုသီဆိုနေကြသည်။ ငြိမ့်ညောင်းသော တေးသံကြားတွင်ဇာတိရပ်ရွာ၏မီးပုံးပွဲကို သတိရစေပြီးယင်းမီးပုံးပွဲသည်လည်း အလွန်လှပသောရှုခင်းတစ်ရပ်ပင်ဖြစ်သည်။ အများကရောင်စုံမီးပုံးများကို မြစ်ရေပြင်သို့ ထည့်လွှတ်လိုက်ကြသည်။ မြစ်ကမ်းနားတွင် ကြိတ်ကြိတ်တိုး စည်ကားလှသည်။ မီးပုံးတစ်လုံး၊ နှစ်လုံး၊ ဆယ်လုံး၊ အလုံးတစ်ရာ . . . ရေတွက်လို့မရသော မီးပုံးများသည် မြစ်ပေါ်တွင် အစိပ်အကျဲခြိမ့်ခြိမ့်သဲစီးဆင်းနေတော့သည်။ စိမ်းမြမြလှိုင်းများသည်ပန်းရောင် ကြာမီးပုံးများကို ဆွဲငင်လိုက်သည်၊ အနီရောင် ဖယောင်းမီးလျှံသည်စိမ်းမြမြ မြစ်ရေပြင်ကို ထွန်းပလာသည်၊ မိုးကောင်းကင်ပေါ်က ကြယ်ပွင့်များသည် မြစ်ရေပြင်တွင် တလက်လက်ထိန်နေသည်။ မြစ်ရေထဲက မီးပုံးများသည် မိုးကောင်းကင်ပေါ်က ကြယ်ပွင့်များနှင့် အပြန်အလှန် ရောနှောလျက်ရှိပြီးမည်သည်က ကောင်းကင်၊ မည်သည်ကမြစ်ရေဟူသည်ကို ခွဲခြား၍ မရတော့ဘဲ မိုးနှင့်မြေအကြား နဂါးငွေ့တန်းကြီးတစ်ခုတဖြည်းဖြည်း စီးဆင်းနေသည်ကိုသာ တွေ့မြင်နိုင်ပါသည်။

တရုတ်ပြည်သူများဖြစ်စေ၊ "အပြုံးနိုင်ငံ"မှချစ်ခင်ရင်းနှီးသော ထိုင်းပြည်သူများဖြစ်စေ၊ မီးပုံးလွှတ်သော အလေ့အထရှိကြသည်။ အများက တလက်လက်ထိန်နေသော ဖယောင်းမီးနှင့်အတူ ဆုမွန်ကောင်းတောင်းကြသည်၊ မျှော်မှန်းကြသည်၊ ကတိသစ္စာပြုကြသည်။ လူလူချင်းမတူသော်လည်း ဆန္ဒချင်းတူကြသည်။ တိုင်းရင်းသား အားလုံးတို့မှာ စိတ်ကောင်းရှိကြသည်။ မည်သည့်တောတောင်ရေမြေဖြစ်စေ၊ မည်သည့်စိတ်နေစိတ်ထားဖြစ်စေ၊ စိတ်ထဲတွင် ထိုကဲ့သို့ ဖြူစင်သော စိတ်ရင်းစေတနာနှင့် လှပသောဆန္ဒမွန်ရှိနေလျှင် မျှော်လင့်ချက်များနှင့်ပြည့်လျှံသောအနာဂတ်ကို ပိုင်ဆိုင်နိုင်မှာဖြစ်သည်။

ဆူညံနေသော လူအုပ်ကြားတွင် နောက်လှည့်ကြည့်သောအခါ အမျိုးသမီးငယ်လက်ထဲကိုင်ထားသော မီးပုံးလေးသည် တဖြည်းဖြည်း လင်းလာသည်ကို တွေ့ရသည်။ အဝေးက မိုးသောက်ထလာတော့သည်။ လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တွင် လက်အုပ်ချီ၍ စိတ်ထဲကစကားများကိုငြိမ်သက်စွာရွတ်ဖတ်ပြီး ယင်းလှပပြီး လျှပ်တပြက်တိုတောင်းသော အချိန်ကို ထာဝရအဖြစ်ထားကာ ကြည်ညိုကိုင်းရှိုင်းသော နှလုံးသားဖြင့် သစ်လွင်သောနောက်တစ်ရက်သို့ လှမ်းသွားမည်ဖြစ်သည်။

သို့သော် ခြေအောက်တွင် ကူမင်း-ဘန်ကောက်လမ်းမကြီးကို ဆက်လက်ဖြတ်သန်းနေ ဆဲဖြစ်သည်။ တောင်တန်းများကိုဖြတ်ကျော်၊ လယ်ခင်းများကိုဖြတ်သန်း၊ ထိုင်းမြောက်ပိုင်းမှ နှင်းဆီရနံ့ကို ရှူရှိုက်၊ Sukhothaiမြို့ဟောင်း၏ ရှုခင်းများကိုခံစားပြီး အိန္ဒိယသမုဒ္ဒရာသည် မနီးမဝေးသောရှေ့ဘက်တွင် ရှိနေသည်။ ကျွန်တော်သည် ပင်လယ်သမုဒ္ဒရာ၏ စွမ်းပကားကို ခံစားမိသယောင်ယောင် ကျွန်တော့်ကို မရပ်နားဘဲရှေ့သို့ ဆက်လက်ချီတက်စေတော့သည်။

ဆောင်းပါး - ရဲချမ့်